# Highlights from DVB Debate's Police Reform Show

## May 13, 2017

## "Is the Police reform protecting us?"

“ရဲတွေမှာ ရာထူးတိုးမှ သူတို့လည်း စိတ်အားထက်သန်မယ် အပေါ်ကိုရာထူးတိုးဖို့ဆိုရင်ကလည်း အပေါ်မှာ မိုးကျရွှေကိုယ်တွေရှိနေတော့ ပြဿနာရှိနေတယ်”

ဦးရဲမျိုးဟိန်း - ဘုတ်အဖွဲ့ဒါရိုက်တာ၊ တကောင်း နိုင်ငံရေးလေ့လာမှုအဖွဲ့

---

“ရဲတွေ ပြုပြင်ပြောင်းလဲမှုလုပ်တာက အပေါ်ပိုင်းလုပ်တာဖြစ်နေတယ်။ ပြည်သူတွေနဲ့ ထိတွေ့နေတာက အောက်ခြေရဲတပ်ဖွဲ့ဝင်တွေ အမှုစစ်တွေ သူတို့က ပြုပြင်ပြောင်းလဲမှုမှာ အားနည်းနေတယ်။ အမှုစစ်ကိုယ်တိုင်က လုပ်ထုံးလုပ်နည်း မလိုက်နာဘူး၊ သက်သေဖျောက်တာတွေ အမှုတိုင်စာ ပြောင်းရေးတာတွေ တွေ့တယ်”

ဒေါက်တာ ညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီး အမတ်ဟောင်း

---

“ထရိန်နင်မှာ စစ်တပ်နဲ့ နွယ်နေတဲ့ ထရိန်နင်တွေ လျှော့ချရမယ်။ စစ်တပ်မှာ အကယ်ဒမီထောင်သလို ရဲတပ်ဖွဲ့အကယ်ဒမီ ထောင်ရမယ်။”

ရဲမှူးချုပ် ဂင်းခေါင် (ငြိမ်း)

---

“ရဲတပ်ဖွဲ့ရဲ့ နိစ္စဓူဝ တာဝန်ခံရတာ ဘယ်သူ့ကိုတာဝန်ခံရလဲ လို့ မေးစရာရှိတယ်။ တာဝန်ခံမှု အပိုင်းမှာ ရောထွေးမှုတော့ ရှိနေတယ်လို့ ပြောလို့ရတယ်”

ဦးရဲမျိုးဟိန်း - ဘုတ်အဖွဲ့ဒါရိုက်တာ၊ တကောင်း နိုင်ငံရေးလေ့လာမှုအဖွဲ့

---

“တပ်မတော်နဲ့ ရဲတပ်ဖွဲ့သည် ပုံစံချင်း မတူပါဘူး။ အဲဒါကို တူပါတယ်ဆိုပြီး တပ်မတော်က လွှမ်းမိုးထားတာသည် မဆလ ခေတ်ကတည်းက”

ဦးဌေးဦး(စိန်ဂျွန်း) - အမျိုးသားလွှတ်တော်အမတ်

---

“ကချင်ပြည်နယ်မှာဆို ရဲစခန်းနဲ့နီးတဲ့ နေရာနားမှာတင် ဘိန်းတို့ မူးယစ်ဆေးရောင်းဝယ်တာတို့ ပိုများနေပါတယ်”

လယ်မယ်တား - လီဆူ အရပ်ဖက်လူမှုအဖွဲ့အစည်း(ကချင်)

---

“ရဲက အမှန်တော့ အနိမ့်ခံပါ လူတွေကို ကူညီချင်ရင်တောင် အပေါ်ကို မော့ကြည့်ပြီး ကူညီလို့ဖြစ်ပါ့မလားဆိုပြီး ကြောက်နေရတယ်”

ဦးငွေးဦး(စိန်ဂွန်း) - အမျိုးသားလွှတ်တော်အမတ်